# ဘာသာပြန်သူ၏ အမှာ

ဒီစာအုပ်က ကျွန်တော့်ရဲ့ တတိယမြောက် ဘာသာပြန်စာအုပ် ဖြစ်ပါတယ်။ မူရင်းစာအုပ်က တော့ နာမည်ကြီး ပင်ဂွင်းစာအုပ်တိုက်က ၂၀၀၉ ခုနှစ်မှာ ထုတ်ခဲ့တဲ့ "Lords of Finance" အမည်ရှိတဲ့ စာအုပ်ပါ။ ၁၉၂၉-၃၃ ခုနှစ် မဟာ စီးပွားရေး ပျက်ကပ်ကြီး (Great Depression) နဲ့ ပတ်သက်တဲ့စာအုပ် ဖြစ်ပါတယ်။ မူရင်းစာရေးဆရာ အာမက် (Liaquat Ahamed) (၁၉၅၂ မွေး) ဖြစ်ပြီး သူဟာ ဟားဗတ်နဲ့ ကိန်းဘရစ်တက္ကသိုလ်ကနေ ဘောဂဗေဒဘွဲ့တွေ ရရှိထားပါတယ်။ ရင်းနှီးမြှုပ်နှံမှု မန်နေဂျာအဖြစ် နှစ်ဆယ့်ငါးနှစ်ကျော်လုပ်ခဲ့ပါတယ်။ ဝါရှင်တန်မှာရှိတဲ့ ကမ္ဘာ့ဘဏ်မှာ တာဝန်ထမ်းဆောင်ခဲ့ပြီး နယူးယောက်အခြေစိုက် ရင်းနှီးမြှုပ်နှံမှု အကြံပေးလုပ်ငန်း တစ်ခုမှာလည်း အမှုဆောင်အရာရှိချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ဒါ့အပြင် ဟက်ချ်ဖန်အချို့မှာ အကြံပေးအဖြစ်လည်း လုပ်ဆောင်နေပါတယ်။

ဒီမူရင်းစာအုပ်ဟာ ၂၀၁၀ ပြည့်နှစ် ပူလစ်ဇာဆုနဲ့ Financial Times နဲ့ Goldman Sachs တို့ရဲ့ ၂၀၀၉ ခုနှစ်ရဲ့ တစ်နှစ်တာ စီးပွားရေးဆိုင်ရာစာအုပ်ဆု (Business Book of the Year) ရ စာအုပ်တစ်အုပ်လည်း ဖြစ်ပါတယ်။ စာအုပ်ထွက်ခဲ့တာ ဆယ်ငါးနှစ်နီးပါးနဲ့ ကြာခဲ့ပြီ ဖြစ်ပေမယ့်လည်း ရေးသားဖော်ပြထားတဲ့ အကြောင်းအရာတွေက လွန်ခဲ့တဲ့နှစ်တစ်ရာနီးပါးကစလို့ ဒီကနေ့ မျက်မှောက်ကာလအထိ ငွေကြေးဆိုင်ရာ ဖြစ်ပျက်ပြောင်းလဲမှုတွေနဲ့ စီးပွားရေးကို တည့်မတ်အောင် ထိန်းကျောင်းမှုတွေက ခေတ်အလိုက် ပုံစံသာ ပြောင်းသွားတယ် ဒီကနေ့ခေတ်ပုံစံနဲ့ကလည်း မနီးယိုးစွဲဖြစ်နေလို့ လေ့လာထားသင့်တဲ့ သမိုင်းအကြောင်းအရာတွေ ဖြစ်ပါတယ်။

ကျွန်တော်တို့တွေက ၁၉၂၉ ခုနှစ်မှာ စတင်ခဲ့တဲ့ မဟာစီးပွားရေးကပ်ကြီး (The Great Depression) ဟာ လူတစ်ဦးတစ်ယောက် သို့မဟုတ် အစိုးရအဖွဲ့တစ်ခုရဲ့ ထိန်းချုပ်မှု အလွန်လက်လှမ်းမမီတဲ့နေရာမှာ ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်ပေါင်းစုံရဲ့ ရလဒ်တွေကြောင့်လို့ ယုံကြည်ခဲ့ကြပါတယ်။ ဒါပေမဲ့ တကယ့်အမှန်တရားက အဲဒီလိုမဟုတ်ပါဘူး။ ဗဟိုဘဏ်လုပ်ငန်းရှင်အနည်းစုရဲ့ ဆုံးဖြတ်ချက်တွေက စီးပွားရေးပြိုကျပျက်စီးခြင်းရဲ့ အဓိကအကြောင်းရင်းတွေ ဖြစ်ပါတယ်။ အဲဒီအဖြစ်အပျက်တွေရဲ့ သက်ရောက်မှုတွေက ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားလာဖို့အတွက် အခြေအနေတွေကို ပေါ်ပေါက်စေခဲ့တဲ့အပြင် အဲဒီအကျိုးဆက်က ဆယ်စုနှစ်တွေများစွာအထိ၊ နည်းနည်းပိုပိုသာသာပြောရရင် ဒီကနေ့မျက်မှောက်ကာလအထိ ဂယက်ရိုက်မှုတွေရှိတယ်လို့ စာရေးဆရာ အာမက် ထုတ်ဖော်ပြသထားပါတယ်။

"ဘဏ္ဍာရေး အရှင်သခင်များ"ကို ငွေကြေးဆိုင်ရာ ဒရာမာဇာတ်လမ်းတစ်ပုဒ်သဖွယ် ဖတ်ကြည့်မယ်ဆိုရင် ဒီစာအုပ်ထဲမှာ အဓိကဇာတ်ကောင်တွေဖြစ်တဲ့ အင်္ဂလန်ဗဟိုဘဏ်က နားလည်ရခက်တဲ့ လူကြောင်ကြီး မွန်တကူးနော်မန်၊ လူစိမ်းကိုကြောက်ပြီး သံသယများတတ်တဲ့ ပြင်သစ်ဗဟိုဘဏ်က အင်မလီမိုရူး၊ မာနကြီးပေမယ့်လည်း ရဲရင့်တဲ့ ရိုင်းချ်ဘဏ်က ရှတ်ခ်၊ စိတ်ဓာတ်



တက်ကြွပြီး ကာယဉာဏစွမ်းအားတွေနဲ့ ပုဂ္ဂိုလ်ရေးအရ နက်နက်ရှိုင်းရှိုင်း စိတ်ထိခိုက်ခံစားနေမှုကို အပေါ်ယံမှာ ရွှေမှုန်ကြဲပြီး ဖုံးကွယ်ထားတဲ့၊ နယူးယောက်ဖက်ဒရယ်ရီဇာတ်ဘဏ်က အလုပ်တွေနဲ့ပိနေတဲ့ ဘင်ဂျမင်စထရောင်း စတဲ့ အဓိကဇာတ်ကောင်လေးယောက်ကို တွေ့ပါလိမ့်မယ်။

ပထမကမ္ဘာစစ်ကြီးပြီးတဲ့အခါ ဒီဗဟိုဘဏ်လုပ်ငန်းရှင်တွေက နိုင်ငံတကာ ဘဏ္ဍာရေးစနစ်ကို ပြန်တည်ဆောက်ဖို့ ကြိုးစားအားထုတ်ခဲ့ကြတယ်။ သူတို့ကိုယ်စီမှာ မတူညီတဲ့စဉ်းစားမှု၊ လုပ်ဆောင်မှုနဲ့ အတွေးအကြံတွေ ရှိနေခဲ့ကြပေမယ့်လည်း အရင်းရှင်စနစ်အတွက် အကြီးမားဆုံးအန္တရာယ်ဟာ ငွေကြေးဖောင်းပွမှုဖြစ်တယ်ဆိုတဲ့ ဘုံအကြောက်တရားတစ်ခုကိုတော့ အားလုံးက လက်ခံထားခဲ့ကြတယ်။ ဒီအတွက်အဖြေကတော့ ရွှေနဲ့စက်တဲ့ ငွေကြေးစနစ်နဲ့ ပြန်လည်ချိတ်ဆက်ဖို့ပါပဲ။ ဒီလို နာရီလက်တံကို နောက်ပြန်လှည့်လိုတဲ့ ဘုံရပ်တည်ချက်ကြောင့် သူတို့ဟာ အမြင်တွေ ကွဲပြားကြပေမယ့်လည်း အံ့အားသင့်စရာကောင်းလောက်အောင် စည်းလုံးညီညွတ်ခဲ့ကြတယ်။

၁၉၂၀ ပြည့်နှစ်တွေရဲ့ အလယ်ပိုင်းကာလတိုမှာတော့ သူတို့လုပ်ဆောင်ချက်တွေက အောင်မြင်ခဲ့ပုံရတယ်။ ကမ္ဘာ့ငွေကြေးတွေဟာ တည်ငြိမ်နေခဲ့တယ်၊ ပြီးတော့ အရင်းအနှီးတွေဟာလည်း ကမ္ဘာ့အနှံ့မှာ လွတ်လွတ်လပ်လပ်နဲ့ စတင်စီးဆင်းခဲ့တယ်။ ဒါပေမယ့် သိပ်မကြာပါဘူး၊ အပေါ်ယံ ရွှေမှုန်ကြဲထားတဲ့ အဲဒီသာယာဝပြော စည်ကားမှုတွေရဲ့ အောက်မှာ ဘဏ္ဍာရေးအက်ကြောင်းကြီးတွေ စတင် ပေါ်ပေါက်လာခဲ့တယ်။

ထီးတစ်ချောင်းလို တည်ငြိမ်မှုဆိုတဲ့ အကာအကွယ်ကို ပံ့ပိုးပေးတဲ့ ရွှေနဲ့စက်တဲ့ ငွေကြေးစနစ်ဟာ အရှုံးကိုမလှုပ်နိုင်အောင်ချုပ်ထားတဲ့ အကျီတစ်ထည်နဲ့ အလားသဏ္ဍာန်တူတယ်ဆိုတာ သက်သေပြခဲ့တယ်။ ဒီလိုနဲ့ ကမ္ဘာ့စီးပွားရေးဟာ "မဟာစီးပွားရေးပျက်ကပ်ကြီး" လို့ ထင်ရှားကျော်ကြားတဲ့ ကပ်ဆိုးကြီးထဲကို ဆိုးဆိုးဝါးဝါးနဲ့ မနားမနေ ထိုးဆင်းခဲ့တယ်။

ဗဟိုဘဏ်လုပ်ငန်းရှင်ကြီးလေးယောက်နဲ့အတူ ခေတ်တစ်ခေတ်ရဲ့အတော်ဆုံး စီးပွားရေးပညာရှင် မေနတ်ကိန်းရဲ့ ပါဝင်ပတ်သက်မှုတွေ၊ ပထမကမ္ဘာစစ်ကြီးရဲ့ နောက်ဆက်တွဲဖြစ်တဲ့ စစ်လျော်ကြေးနဲ့စစ်နဲ့ပတ်သက်တဲ့ ချေးငွေတွေနဲ့ ချာလည်လည်ရိုက်နေတဲ့ ညှိနှိုင်းဆွေးနွေးမှုတွေ၊ ဂျာမနီရဲ့ ခေါင်ခိုက်အောင် ကုန်ဈေးနှုန်း မြင့်တက်မှုပြဿနာတွေ၊ ရွှေနဲ့စက်တဲ့ ငွေကြေးစနစ်နဲ့ ပြန်လည်ချိန်စက်ဖို့အတွက် ဗြိတိန်ဘဏ္ဍာရေးဝန်ကြီး ချာချီ ဆုံးဖြတ်ရခက်နေတာတွေနဲ့ နောင်တရခဲ့တာတွေ၊ အမေရိကန်သမ္မတနှစ်ယောက် အပြောင်းအလဲကာလမှာ တစ်နိုင်ငံလုံးမှာရှိတဲ့ ဘဏ်တွေကိုပိတ်ထားဖို့ ညှိမရဖြစ်နေတာတွေကို မြင်တွေ့ရမှာ ဖြစ်ပါတယ်။

ပြီးတော့ ကမ္ဘာ့အင်အားအကြီးဆုံးနိုင်ငံတွေရဲ့ ဗဟိုဘဏ်တွေဘယ်လိုပေါ်ပေါက်လာခဲ့သလဲ၊ သူတို့ဘယ်လို အလုပ်လုပ်ခဲ့ကြသလဲ၊ သက်ဆိုင်ရာ နိုင်ငံတိုင်းရဲ့ နိုင်ငံရေး စဉ်းစားချက်တွေနဲ့ စီးပွားရေးဆိုင်ရာ ဆုံးဖြတ်ချက်တွေက ဆိုင်ရာဆိုင်ရာ ဗဟိုဘဏ်တွေရဲ့ကနဦး ဖွဲ့စည်း တည်ဆောက်မှုတွေအပေါ်မှာ ဘယ်လို သက်ရောက်မှုတွေရှိနေသလဲဆိုတာတွေကို စိတ်ဝင်စားဖွယ်ရာ သမိုင်းတစ်ခုအနေနဲ့သာမကဘဲ နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးယန္တရားကို ထိန်းကျောင်းနေတဲ့ စနစ်နဲ့ institution တွေရဲ့ အခန်းကဏ္ဍကို မျက်ဝါးထင်ထင် မြင်လိုက်ရမှာ ဖြစ်ပါတယ်။



အချုပ်ဆိုရရင်တော့ ကမ္ဘာ့စီးပွားရေးဇာတ်ခုံမှာ ဒီစီးပွားပျက်ကပ်ကြီးကို ကမ္ဘာ့အင်အားကြီးဆုံးနိုင်ငံ လေးနိုင်ငံက ဗဟိုဘဏ်လုပ်ငန်းရှင်တွေရဲ့ ပခုံးထက်ကနေကြည့်ပြီး လေ့လာဆန်းစစ်ထားမှုတစ်ခုအဖြစ် တွေ့ရမှာ ဖြစ်ပါတယ်။

မူရင်းစာရေးဆရာက ဒီစာအုပ်ကို ရေးတဲ့အချိန်မှာ ၂၀၀၈-၂၀၀၉ ကမ္ဘာ့ဘဏ္ဍာရေး အကျပ်အတည်း ဖြစ်နေတဲ့အချိန်နဲ့ တိုက်ဆိုင်နေပါတယ်။ အခုလက်ရှိကမ္ဘာမှာလည်း ကိုဗစ် ကပ်ရောဂါရဲ့နောက်ဆက်တွဲ၊ ရုရှား-ယူကရိန်းစစ်ပွဲအပြင် လောလောလတ်လတ် အရှေ့အလယ်ပိုင်းမှာ စစ်ရေးတင်းမာမှုဖြစ်ရပ်တွေ၊ ကမ္ဘာတစ်ဝန်းမှာ ဖွတ်ပေခံနေတဲ့ ငွေကြေးဖောင်းပွမှုဖြစ်စဉ်တွေကို ရင်ဆိုင်နေရတယ်။ အဲဒီဖြစ်ရပ်တွေမတိုင်မီကလည်း စီးပွားရေးဆိုင်ရာ ချို့ကားဆောင်ရွက်မှုတွေ၊ အလွန်အကျွံ ချေးငှား သုံးစွဲမှုတွေ၊ ကမ္ဘာ့အင်အားကြီးနိုင်ငံတွေအကြားက ကုန်သွယ်စီးပွားရေးဆိုင်ရာ အမျိုးသားအကျိုးစီးပွားကာကွယ်ဖို့ သူတစ်ပြန်ကိုယ်တစ်ပြန် အရေးယူလုပ်ဆောင်မှုတွေက အခု လောလောလတ်လတ်ဖြစ်ရပ်ကြီးတွေအပေါ် ထပ်ဆင့်လို့ ဝန်ထုပ်ဝန်ပိုးအဖြစ် လေးလံလာစေတဲ့အခါ ဘဏ္ဍာရေးစနစ်မှာ အက်ကြောင်းတွေထလာပြီး ဖြောင်းဆန်နေတဲ့အချိန် ဖြစ်နေတယ်။ ဘဏ္ဍာရေးပရောဟိတ်တွေကိုယ်တိုင်က နောက်ထပ် စီးပွားရေးပျက်ကပ်ကြီး တစ်ခုကို ဦးတည်နေပြီလို့ ဟောကိန်းတွေထုတ်နေကြတဲ့ အချိန်ဖြစ်တဲ့အတွက် ဒီစာအုပ်ကို မြန်မာလို ပြန်ဆိုထုတ်ဝေလိုက်ရတာဟာ အချိန်နဲ့သင့်တယ်လို့ ဆိုရပါလိမ့်မယ်။

ဒီစာအုပ်က ကျွန်တော်တို့နဲ့ အတော်ကလေးစိမ်းနေသေးတဲ့ ဘာသာရပ်ဆိုင်ရာစာအုပ် ဖြစ်နေတဲ့အတွက် ဘာသာပြန်ရာမှာ ချို့ယွင်းချက်တွေ၊ အားနည်းချက်တွေ ရှိနေနိုင်ပါတယ်။ ဘာသာပြန်ဆိုသူ ကျွန်တော့်ရဲ့ အားနည်းချက်ဖြစ်ပြီး လိုအပ်တာ ဝေဖန်ထောက်ပြပေးစေလိုပါတယ်။

ကျော်စိုးမင်း